# သင်ဒါတွေ သိပြီးပြီလား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



70%

၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ မဲပေးနိုင်သူဦးရေစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်း နီးပါး မဲပေးခဲ့ကြပါတယ်၊

5M 18+

လာမည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာ အသက် ၁၈ နှစ် ပြည့်ပြီးနှင့်အထက် ပထမဆုံးအကြိမ်မဲပေးကြမယ့် လူငယ် ၅ သန်းခန့်ရှိမှာ ဖြစ်ပါတယ်၊

# မဲဆန္ဒရှင်စာရင်းတွင် သင့်အမည်ပါဝင်ပါသလား။

မဲစာရင်းမှာ သင်အမည်ပါဝင်မှသာ ဆန္ဒမဲပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မဲပေးပိုင်ခွင့် မဆုံးရှုံးရအောင် မဲစာရင်းကပ်ထားကြေညာချိန်မှာ သင့်နာမည် ပါ/မပါစစ်ဆေးပါ၊ အကယ်၍ သင်ဟာ ပြည်ပရောက် ရှိနေပါက အွန်လိုင်းမှ တစ်ဆင့်စစ်ဆေးနိုင်ပါတယ်။ မျက်ခြေမပြတ် စောင့်ကြည့်ဖို့ မေ့လို့မယ်နော်၊

**Covid 19 ကြောင့် သင့်ရဲ့မဲပေးပိုင်ခွင့်ကို မဆုံးရှုံးပါစေနဲ့၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အကြံပြုချက်များကို လိုက်နာပါ။ သင်နှင့် အခြားသူများရဲ့ ကျန်းမာရေးကို စောင့်ရှောက် လုံခြုံစွာနေထိုင်ပြီး သင့်နာမည်ပါ / မပါသွားရောက်စစ်ဆေးပါ။**

## COVID-19

ကျွန်ုပ်တို့၏ဝန်းကျင်သည် အဓိကတာဝန်ယူပါသည်။ သင်၏ လုပ်ဖော်ကိုင်ဖက်များကို လေးစားပါ၊ သင့်ကိုယ်သင် လေးစားပါ၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ အကြံပြုချက်များကို လိုက်နာပါ။




မဲဆန္ဒရှင်များအားလုံးဆီသို့...

ကျွန်ုပ်အနေနဲ့မဲဆန္ဒရှင်များအားလုံးကိုတိုက်တွန်းမှာကြားချင်တာတစ်ခုက ဆန္ဒမဲပေးနိုင်ဖို့အတွက် မဲစာရင်းသွားကြည့်ကြပါ။ သင်တို့ရဲ့အမည်တွေမဲစာရင်းမှာပါဖို့အတွက်သေချာအောင်လုပ်ဆောင်ကြပါ။ မဲကသင်တို့ရဲ့အခွင့်အရေးတစ်ခုပါ။

ဦးလှသိန်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Facebook လင့်ခ် –
https://www.facebook.com/uecmyanmar

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝဘ်ဆိုဒ်လင့်ခ် –
https://uec.gov.mm



## ယခုပဲ သွားရောက်စစ်ဆေးလိုက်ပါ

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ (၂၅)ရက်နေ့မှ ဩဂုတ်လ (၇)ရက် အတွင်း မိမိရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ရုံးသို့

#သင့်အမည်ပါ မပါ စစ်ဆေးပါ

# မဲပေးနိုင်ဖို့အတွက် သင့်နာမည်ဟာ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရပါမယ်

### အဆင့် ၁
မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာသည့်အခါ မိမိအမည်ပါမပါ သွားရောက်စစ်ဆေးပါ။ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံ ကပ်ထားကြေညာမည့် နေ့ရက်ကိုစုံစမ်းပါ။

### အဆင့် ၂
မဲဆန္ဒရှင်စာရင်းတွင် သင့်အမည် ပြည့်စုံစွာပါရှိပါက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲပေးရန် အဆင့်သင့်ဖြစ်ပါပြီ။

မှတ်ချက် – အကယ်၍ မဲစာရင်းတွင် ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန် တစ်စုံတစ်ရာ တွေ့ရှိခဲ့ပါက အဆင့် (၃) တွင်ပြထားသည့်အတိုင်း လုပ်ဆောင်ရပါမည်။

### အဆင့် ၃
ပြင်ဆင်ဖြည့်စွက်မှုလျှောက်ထားရာတွင် သတ်မှတ်ထားသည့်ပုံစံများဖြင့်သာ လျှောက်ထားနိုင်သည်ကို သတိပြုစေလိုသည်။

- မဲစာရင်းတွင် သင့်အမည်မပါဝင်ပါက ပုံစံ (၃)
- ကိုယ်ရေးအချက်အလက်များမှားယွင်းပါက ပုံစံ (၄-ဂ)
- မဲစာရင်းတွင်မပါဝင်သင့်သူတစ်ဦးပါဝင်နေပါက ပုံစံ (၄)

မဲဆန္ဒရှင်စာရင်းကြေညာပြီး (၁၄)ရက်အတွင်း လိုအပ်သည့်ပုံစံများဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသွားရောက် လျှောက်ထားရပါမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ ရပ်ကွက်တွင် နေထိုင်ကြောင်းထောက်ခံချက်၊ အခြားအထောက်အထား စသည်များကို လိုအပ်သလို ပူးတွဲတင်ပြရပါမည်။ အခကြေးငွေပေးစရာ မလိုပါ။

- မိမိအမြဲတမ်းနေထိုင်သည့်ဒေသမဟုတ်သော အခြားဒေသတစ်ခုတွင် ရက်ပေါင်း (၉၀) ထက်ပို၍နေထိုင်ခဲ့ပြီး မိမိရောက်ရှိနေသည့် မဲဆန္ဒနယ်တွင် မဲပေးလိုပါက ပုံစံ (၃-က) (ရွေးကောက်ပွဲကျင်းပမည့် နေ့မတိုင်မီ ရက်ပေါင်း (၃၀) ထက် နောက်မကျစေရ။)

### အဆင့် ၄
မိမိလျှောက်ထားမှုနှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို တင်သွင်းသည့်နေ့မှ (၇)ရက်အတွင်း စုံစမ်းရန်။

### အဆင့် ၅
ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ထံသို့ အယူခံလွှာကို အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ (၃)ရက် အတွင်းလျှောက်ထားရပါမည်။ မြို့နယ်ကော်မရှင် အဖွဲ့ခွဲမှ ဆောလျင်စွာ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက် ပေးပါမယ်။



**မေး ၁**

ကျွန်မနာမည် ခင်ခင်ပါ။ ကျွန်မအဖေရဲ့ နာမည် မဲစာရင်းတွင် မပါဝင်ပါဘူး။ ဘယ်လိုလုပ်ရပါမလဲ။

**ဖြေ ၁**

မဲပေးနိုင်သူတစ်ဦး၏အမည်သည် မဲဆန္ဒရှင်စာရင်းတွင် မပါဝင်ပါက ပုံစံ (၃) ကိုဖြည့်စွက်၍ မဲစာရင်းများကပ်ထားကြေညာပြီး (၁၄) ရက်အတွင်း ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲ ထံ လျှောက်ထားရပါမည်။ သင့်ဖခင်နှင့်ပတ်သက်သည့် စာရွက်စာတမ်း အထောက်အထားများကို ပြသရန်လိုအပ်ပါမယ်။

**မေး ၂**

ကျွန်တော့်နာမည် ဦးချစ်ပါ။ မဲဆန္ဒရှင် စာရင်းပါ ကျွန်တော်၏ ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါသည်။ ဘယ်လိုဆက်လုပ်ရပါမလဲ။



**ဖြေ ၂**

မဲဆန္ဒရှင်စာရင်းပါမိမိ၏ကိုယ်ရေးအချက်အလက်များမှားယွင်းနေပါက ပုံစံ (၄-ဂ) ကိုဖြည့်စွက်၍ မဲစာရင်းများကပ်ထားကြေညာသည့်ရက်မှ (၁၄)အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲထံ ပေးအပ်ရပါမယ်။

**မေး ၃**

ကျွန်မက မြမြပါ။ မပါဝင်သင့်တဲ့ နာမည်တစ်ခု မဲဆန္ဒရှင်စာရင်းထဲမှာ ပါနေတာကို တွေ့ရပါတယ်။ ဘယ်လိုလုပ်ရပါမလဲ။



**ဖြေ ၃**

မပါဝင်သင့်သူတစ်ဦးမဲစာရင်းတွင်ပါဝင်နေပါက ပုံစံ (၄) ကိုဖြည့်စွက်၍ မဲစာရင်းများကပ်ထားကြေညာပြီး (၁၄) ရက်အတွင်း ရပ်ကွက်/ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲထံပေးအပ်ရပါမယ်။ ကန့်ကွက်ရသည့် အကြောင်း အရင်းနှင့် အထောက်အထားများကိုလည်း တစ်ပါတည်း တင်ပြရပါမယ်။ (အခြားမဲစာရင်းတွင် ပါရှိသူကို ကန့်ကွက်၍မရပါ)

**မေး ၄**

ကျွန်မက မေဦးပါ။ ၂၀၂၀ ဇွန်လ မှာ အသက် ၁၈ နှစ်ပြည့်ပါမယ်။ လာမဲ့ ရွေးကောက်ပွဲမှာ မဲပေးနိုင်ပါသလား။



**ဖြေ ၄**

အကယ်၍ သင်သည်ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်ဖြစ်ပါက မိမိနာမည် မဲစာရင်းတွင်ပါဝင်ရန်လိုအပ်ပါမယ်။ မဲစာရင်းကြေညာ ကပ် ထားသည့်နေ့တွင် မိမိအမည်ပါမပါ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ အုပ်စုကော်မရှင်အဖွဲ့ခွဲထံ သွားရောက်ကြည့်ရှု စစ်ဆေး ရပါမယ်။ အကယ်၍မဲစာရင်းထဲမပါဝင်ပါက ပုံစံ (၃)ကို တောင်းယူပြီး မိမိ၏ကိုယ်ရေးအချက်အလက်များကိုဖြည့်စွက်ကာ မဲဆန္ဒရှင်စာရင်းများကပ်ထား ကြေညာပြီး (၁၄) ရက်အတွင်း လျှောက်ထားရပါမယ်။

**မေး ၅**

ကျွန်မက ပန်းဖြူပါ။ အမြဲတမ်း နေထိုင်တဲ့ ဒေသကနေ အခြား ဒေသ တစ်ခုမှာ ရောက်ရှိနေပြီး ရွေးကောက်ပွဲ နေ့မှာ မဲပေးဖို့ ဇာတိကို မပြန်နိုင်ခဲ့ရင် ဘယ်လိုလုပ်ရ ပါမလဲ။



**ဖြေ ၅**

အကယ်၍ သင်သည်ယခုရောက်ရှိနေသောနေရာတွင် ရက်ပေါင်း (၉၀) ထက်ပို၍ နေထိုင်ခဲ့ပြီး မိမိရောက်ရှိနေသည့် မဲဆန္ဒနယ်တွင် ဆန္ဒမဲ ပေးလိုပါ ပုံစံ (၃-က) ကို ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် တောင်းယူလျှောက်ထားနိုင်သည်။ အောက်ပါအထောက်ခံချက်များကို ဖြည့်စွက်ရန်လိုအပ်ပါမည်။

(၁) သင်၏အထက်အရာရှိ (အစိုးရဝန်ထမ်း) သို့မဟုတ် ကုမ္ပဏီပိုင်ရှင် (လုပ်ငန်းရှင်/လုပ်ငန်းရှင်ကိုယ်စားလှယ်) ထံမှ

(၂) ဤအရပ်ဒေသတွင်ရက်ပေါင်း (၉၀) ထက်ပို၍နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ထပ်ဆင့်ထောက်ခံချက်

ပုံစံ (၃-က) ကိုရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံ သွားရောက်လျှောက်ထားရပါမည်။